**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Burma's Weekly Political News Summary (084/2011)

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၄/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၀၃) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- အစိုးရသစ် အနေဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်နေပြီး နိုင်ငံရေးအရ ကျယ်ပြန့်တဲ့ ဆွေးနွေးမှုများ ဖြစ်လာရေးအတွက် လတ်တလောအစီအစဉ် မရှိသေးပါဟု သမ္မတ၏ နိုင်ငံရေး အကြံပေး ဒေါက်တာ နေဇင်လတ်က ပြောသည်။ (VOA 310811) Read More...
- နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးနှင့် ပြည်ပရောက် မြန်မာများ ပြန်လာနိုင်ရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် အစီအစဉ်သည် အကောင်အထည် ပေါ်လာရန် အလားအလာကောင်းကြောင်း သမ္မတ၏ နိုင်ငံရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောသည်။ (RFA 310811) Read More...

## ကြံ့ဖွံ့ပါတီ

- ကြိုးနီးစနစ်များ တိုက်ဖျက်မည်ဟု ကြွေးကြော်ထားသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတွင် အထက်အောက်ချုပ်ကိုင်မှု (ကြိုးနီးစနစ်) လွှမ်းကဲနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေး ပါတီခေါင်းဆောင်အချို့က ဝေဖန်နေကြသည်။ (DVB 020911) Read More...

## တပ်မတော်

### (က) ရာထူးအာဏာခွဲဝေမှု

- မန္တလေးလမ်း နမ့်အွန်ရွာအနီးတွင် အစိုးရစစ်ယာဉ်တန်းသည် ဩဂုတ် ၂၅ ရက်နေ့က တိုက်ခိုက်ခံရပြီးနောက် ဩဂုတ် ၂၉ ရက်နေ့တွင် ကွတ်ခိုင်းစစ်ဗျူ ဟာမှူး ဗိုလ်မှူးကြီး စိုးကျော်သူအား နေရာပြောင်းရွှေ့လိုက်ပြီး ၎င်းနေရာတွင် ကွန်လုံစစ်ဗျူဟာမှူး ဗိုလ်မှူးဖြင့် အစားထိုးလိုက်ကြောင်း မျက်မြင်များက ပြောသည်။ (S.H.A.N 300811) Read More...

### (ခ) စစ်ဆင်ရေးများ

- ရှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ်၊ ကျိန်းလိန် ကျေးရွာအုပ်စုရှိ ကျေးရွာနစ်ရွာအတွင်းသို့ ဩဂုတ် ၂၈ ရက်နေ့က အစိုးရတပ် ခြေမြန်တပ်ရင်း ခမရ (၅၀၄)၊ (၅၀၅)နှင့် ခြေလျင်တပ်ရင်း ခလရ (၂၂) တို့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ သည့်အတွက် ဒေသခံ ရွာသား (၃၀၀)ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးသွား ကြသည်ဟု SSA  အဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလက ပြောသည်။ (NMG 290811) Read More..., S.H.A.N…
- ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်း ဗမ်းဟိုင်းဌာနချုပ် အနောက်မြောက်ဖက် ၇ မိုင်အကွာရှိ ကျိုင်းရုံးရွာထဲသို့ အစိုးရ တပ်များက လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့သည့်အတွက် ရွာသူ၊သားများက ဗမ်ဟိုင်းဌာနချုပ်အနီးသို့ ထွက်ပြေးခဲ့ကြရသည်ဟု SSA ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလက ပြောသည်။ (BBC 300811) Read More...

### (ဂ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- မြန်မာစစ်တပ် ခမရ ၅၁၃ တပ်မှ ချောဆွဲထားကတည်းက ပျောက်ဆုံးနေသော ကျိန်းလိန်အုပ်စု နမ့်မော်ရွာသား ဆန်လုံ (၄၈ နှစ်)၊ ဆန်းထွန်း (၄၉ နှစ်)နှင့် ဗမ့်ဗပ်အုပ်စု နမ့်တက်ရွာသား လုံးလုံစွန် (၅၄ နှစ်) တို့သည် ၎င်းတို့ တပ်ဆုတ်ပြန်ပြီးနောက် ဆွေမျိုး များ သွားရောက်ရှာဖွေရာ ချောင်းထဲတွင်အရိုးစုများသာတွေ့ခဲ့ရသည်ဟု ကျေးသီး မြို့မှ ကုန်သည်တစ်ဦးက ပြောသည်။ (S.H.A.N 290811) Read More...
- ပဲခူးတိုင်း ပြည်မြို့မှ မောင်ဇာနည်ထွန်းနှင့် အုတ်ဖိုမြို့မှ မောင်ဝေဖြိုးတို့ ၂ ဦးကို အင်းမမြို့၌ ဖမ်းဆီးစဉ် ၎င်းစီးလာသည့် ဆိုင်ကယ် ထဲမှ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုံ့ဆော်ပိုစတာ ၃ ခုကို သိမ်းဆည်းပြီးသည့်နောက် အာဏာပိုင်များ က ၂ ရက်ဆက် တိုက် အစာမကျွေး၊ ရေမတိုက်၊ အိပ်ခွင့်မပေးဘဲ ညှဉ်းပန်းနှိပ်စက် စစ်ဆေးနေပြီး မိသားစုများနှင့်လည်း တွေ့ခွင့်မပေး ကြောင်း မိသားစုဝင်များနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (DVB 310811) Read More...
- မောင်းတောမြို့ ရွှေဇားမြောက် ရပ်ကွက်မှ ကွမ်းယာဆိုင် ပိုင်ရှင် မူဟာမတ်နာဆက်ကို နစက တပ်ဖွဲ့ဝင်တစ်ဦးက ဩဂုတ် ၃၁ ရက်နေ့ည ၁၂ နာရီအချိန် အကြောင်းမဲ့ ပစ်သတ်လိုက်ကြောင်း ပစ်သတ်ခံရသူ ဆွေမျိုးတစ်ဦးက ပြောသည်။ (Narinjara 010911) Read More...
- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ KIA တပ်မဟာ (၄) ထိန်းချုပ်နယ်မြေ အတွင်းမှ ကျေးရွာ ၂ ရွာကို မြန်မာအစိုးရတပ် ထိန်းချုပ်ရာ နယ်မြေအတွင်း ကားလမ်းအနီးသို့ စုစည်းကျေးရွာများအဖြစ် စက်တင်ဘာ ၃ ရက်နေ့က အဓမ္မရွှေ့ပြောင်း လိုက်ကြောင်း KIA တပ်မှူးတစ်ဦးက ပြောသည်။ (RFA 030911) Read More…

### လွှတ်တော်များ

- လွန်ခဲ့သည့် သီတင်းပတ်က အလုပ်သမားဝန်ကြီး ဦးအောင်ကြည် အဆိုပြုတင်သွင်းသည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေ မူကြမ်းကို ဩဂုတ် ၂၉ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြု လိုက်သဖြင့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိလာမည်ဟု အထက်လွှတ်တော်အမတ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 290811) Read More..., Mizzima...
- အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်သော အဆိုတစ်ခုအား လွှတ်တော်တွင် အတည်ပြု ဆွေးနွေးခဲ့သော်လည်း သမ္မတ ဦးသိန်းစိန်မှတဆင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ထပ်မံဆွေးနွေးမည့် ကိစ္စအပေါ် မျှော်လင့်ချက်နည်းပါး ကြောင်း ကိုယ်စားလှယ်အချို့က ပြောကြသည်။ (Irrawaddy 290811) Read More...
- ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကို ဩဂုတ် ၂၉ ရက်နေ့တွင် ဆက်လက်ကျင်းပရာ၌ လူ့ဂုဏ် သိက္ခာ ကျဆင်းစေသည့် လက်ရှိအကျဉ်းထောင်ဥပဒေကို ပြင်ဆင်ပေးရန် အဆိုတင်သွင်းခဲ့သော်လည်း ပြည်ထဲရေးဝန်ကြီးက ယင်းဥပဒေ ကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်ထားပြီးဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် အဆိုကို မဲမခွဲဘဲ ရုပ်သိမ်း လိုက်သည်။ (VOA 290811) Read More...
- နိုင်ငံတော် ဘတ်ဂျက်သုံးစွဲမှု စောင့်ကြည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရန် အဆိုတစ်ရပ်ကို ဒီမိုကရေစီအင်အားစု လွှတ်တော် အမတ် များက လွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့သော်လည်း ယင်းအဆိုကို ကြံ့ဖွံ့ပါတီ USDP အမတ်အများစုက ကန့်ကွက်ခဲ့ သောကြောင့် ပယ်ချခံလိုက်ရသည်ဟု အဆိုတင်သွင်းသူ အမျိုးသားဒီမိုကရေစီပါတီသစ် ပြည်သူ့လွှတ်တော်အမတ် ဦးကြည်မြင့် က ပြောသည်။ (RFA 290811) Read More...
- ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ်နှင့် ရွေးကောက်ခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်း ကဏ္ဍ ပျက်ပြယ်သွားပြီဟု ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ဩဂုတ် ၂၉ ရက်နေ့ ပြည်သူ့

လွှတ်တော် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်၏ မေးခွန်းအားဖြေကြားလိုက်သည်။ (DVB 290811) Read More...

- ထောင်တွင်း ဆူပူမှုများ ဖြစ်စေသောကြောင့် အင်္ဂလိပ်ကိုလိုနီခေတ် ၁၈၉၄ ခုနှစ်က ပြဌာန်းခဲ့သည့် အကျဉ်းထောင် လက်စွဲ ဥပဒေကို ၁၉၇၅ ခုနှစ်နောက်ပိုင်းတွင် မကျင့်သုံးတော့ကြောင်း ပြည်ထဲရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး ကိုကို က အမျိုးသား လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမေးကို ပြန်လည်ဖြေကြားလိုက်သည်။ (DVB 300811) Read More...
- ပြည်တွင်းစစ်အခြေအနေကို အကြောင်းပြု၍ ၁၉၅၀ ခုနှစ်က ပြဌာန်းထားသည့် နိုင်ငံတော်အရေးပေါ်စီမံချက် ဥပဒေ ပယ်ဖျက်ရေး အဆိုတင်ချက်ကို ဩဂုတ် ၃၀ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ရာ၌ ကန့်ကွက်မဲ ၃၃၆ မဲ၊ ကြားနေမဲ ၄၁ မဲနှင့် ထောက်ခံမဲ ၈ မဲဖြင့် ရှုံးနိမ့်သွားသည်ဟု မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ် ဦးဖေသန်းက ပြောသည်။ (DVB 300811) Read More...
- အတိုက်အခံများကို ထောင်ချရာတွင် သုံးလေ့ရှိသော ဥပဒေတစ်ခုဖြစ်သည့် "၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ"ကို ဖျက်သိမ်းရန် ဒီမိုကရေစီပါတီသစ်မှ လွှတ်တော်အမတ် ဦးသိန်းညွန့်က ပြည်သူ့လွှတ်တော်တွင် တင်သွင်းရာ စစ်သားအမတ်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ်များ ကန့်ကွက်မှုကြောင့် ပျက်ပြားသွားသည်ဟု ပြောသည်။ (Mizzima 300811) Read More...
- ဩဂုတ် ၂၉ ရက်နေ့က ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားထားသည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည်။ (EMG 300811) Read More...
- အမျိုးသားလွှတ်တော်၏ ဩဂုတ် ၃၁ ရက်နေ့ ပုံမှန်အစည်းအဝေးတွင် အမတ်အချို့က အစိုးရ အဆက်ဆက်သည် ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်းမရှိဟု ဝေဖန်သွားကြသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေး ကော်မတီတွင် ထည့်သွင်းရန် အမတ်တစ်ဦးက အကြံပြုသည်ဟု ထောက်ခံ ဆွေးနွေးသူ တစ်ဦးဖြစ်သည့် ချင်းတိုးတက်ရေးပါတီမှ ဦးပေါ်လျံလွင်က ပြောသည်။ (Mizzima 310811) Read More...
- ယခုကျင်းပနေသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အဆိုပြုချက်အချို့ကို မဲခွဲဆုံးဖြတ်ရာ၌ လျှို့ဝှက်မဲ ပေးစနစ်မဟုတ်ပဲ ဖြောင့်မဲပေးစနစ် ကျင့်သုံးနေသဖြင့် လွှတ်တော်ကိုယ်စားလှယ်အချို့က ဝေဖန်ပြောဆိုနေကြသည်။ (DVB 310811) Read More...
- လွှတ်တော် အစည်းအဝေးများတွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပြည်သူတစ်ရပ်လုံးအတွက် ဆောင်ရွက်လိုစိတ်အားနည်းသည့် အတွက် အသေးအမွှား ကိစ္စများကိုသာ လွှတ်တော်တွင် ဆွေးနွေးနေကြသော်လည်း အချို့ကိစ္စများကို ပြည်နယ် ဝန်ကြီးချုပ်က ဖြေရှင်းပေးခြင်းမရှိကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းက ပြောသည်။ (Irrawaddy 010911) Read More...
- စက်တင်ဘာလ ၁ ရက်နေ့က ကျင်းပသည့် အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းရေး ကိစ္စနှင့်ပတ်သက်၍ အမျိုးသား လွှတ်တော် ဥက္ကဌ အဆိုပြုတင်ပြချက်ကို သဘောတူ လက်ခံလိုက်ပြီဖြစ်ကြောင်း အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 010911) Read More...
- ယခုကျင်းပနေသည့် လွှတ်တော်အစည်းအဝေးတွင် သမ္မတနှင့် ပညာရေးဝန်ကြီး တင်ပြခဲ့သည့် ကိုယ်ပိုင်ကျောင်းဥပဒေအပေါ် ရန်ကုန်တိုင်း အမှတ် ၃ မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်အပါအဝင် ကိုယ်စားလှယ်လေးဦး၏ ပြန်လည်ဆွေးနွေးချက်ကို လွှတ်တော် ဥက္ကဌ က လက်ခံခဲ့သော်လည်း ဆုံးဖြတ်ချက်မချသေးပဲ ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ဦးဖုန်းမြင့် အောင်က ပြောသည်။ (BBC 020911) Read More...
- လွှတ်တော်အစည်းအဝေးတွင် သတင်းထောက်များ လာရောက်ခွင့်ရပြီး ဒီမိုကရေစီဆန်ဆန်မေးမြန်းဖြေကြားမှုများ ရှိသော်လည်း ပြည်သူ့အကျိုးရှိသည့် ဆွေးနွေးမှုများနည်းနေကြောင်း သတင်းသွားယူခဲ့သည့် သတင်းထောက်တစ်ဦးက ပြောသည်။ (BBC 020911) Read More...
- တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ဒို့တာဝန် အရေးသုံးပါး ဘောင်အတွင်းကသာ ဆွေးနွေးရန် စက်တင်ဘာ ၂ ရက်နေ့က အမျိုးသားလွှတ်တော်တွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ရန်ကုန်တိုင်း ၁၂ အမတ် ဦးရွှေရောင်က တင်သွင်းခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 020911) Read More...

### အခြားနိုင်ငံရေးပါတီများ

- လွှတ်တော်နှင့် ပြည်သူ့ ဆက်သွယ်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာ ရေး ကဏ္ဍများ၌ ဖိနှိပ်ခံရမှု ရှိနေပါက ဒီမိုကရက်တစ်ပါတီ-မြန်မာသည် လွှတ်တော်တွင်း တင်ပြသွားမည်ဖြစ်ပြီး လက်ရှိတွင်

လာရောက် တိုင်ကြားမှုပေါင်း ၆ဝ ခန့်ရှိနေသည်ဟု ရန်ကုန်တိုင်း ဒေသကြီးအမတ် ဒေါက်တာ ဒေါ်ညိုညိုသင်းက ပြောသည်။ (Mizzima 290811) Read More...

- ပြည်သူ့လွှတ်တော်တွင် ဩဂုတ် ၃ဝ ရက်နေ့က အမျိုးသား ဒီမိုကရေစီ ပါတီမှ ဥက္ကဋ္ဌ ဦးသိန်းညွန့် တင်သွင်းခဲ့သော နိုင်ငံတော် အရေးပေါ် စီမံချက် အက်ဥပဒေ ၅ (ည) ဖျက်သိမ်းရေး အဆိုကို မဲခွဲဆုံး ဖြတ်ရာ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) က ထောက်ခံမဲ မပေးဘဲ ကြားနေခဲ့ကြောင်း ပြည်သူ့ လွှတ်တော်အမတ် ဦးဖေသန်းက ပြောသည်။ (Narinjara 310811) Read More...
- ချင်းပြည်နယ်ကို ဆင်းရဲမှုလျော့ချရေး အထူးဒေသအဖြစ် သတ်မှတ်ရန် အပါအဝင် အဆို ၅ ခုကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးရန်နှင့် ဘဏ္ဍာငွေခွဲတမ်း ပိုမိုချထားပေးစေလိုသည့် ချင်းတိုးတက်ရေး ပါတီ CPP က တင်ပြထားခဲ့ ကြောင်း CPP ပါတီမှ အထွေထွေ အတွင်းရေးမှူး ပူးရှိန်းထွန်းက ပြောသည်။ (Mizzima 010911) Read More...
- မြစ်ဆုံရေကာတာ တည်ဆောက်မှုနှင့် ပတ်သက်၍ မှန်ကန်သည့် သတင်း အချက် အလက်များ ထုတ်ပြန်ရန် ဖွဲ့စည်းပုံ အခြေခံပါ နိုင်ငံသား အခွင့်အရေးအရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အစိုးရကို တရားစွဲဆို တောင်းဆိုသွားရန် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သည့် တသီးပုဂ္ဂလနှင့် ပါတီ ကိုယ်စားလှယ်များက ပြင်ဆင်နေကြောင်း တသီးပုဂ္ဂလကိုယ်စားလှယ် ဦးဝင်းချိုကပြောသည်။ (Mizzima 020911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ အသီးသီးတွင် ဒေါ်အောင်ဆန်းစုကြည်၏ Inclusiveness ရှိမှုကို အသိ အမှတ်ပြုသည့် အချက်အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မြန်မာနိုင်ငံကို ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာသောမတ် အိုဟေးကင်တားနားနှင့် တွေ့ဆုံစဉ်၌ ပြောကြားခဲ့သည်။ (EMG 290811) Read More...
- နိုင်ငံရေး ယုံကြည်ချက်ကြောင့် အစိုးရမှ ဖမ်းဆီးထောင်ချခြင်းခံရပြီး ပြန်လည်လွတ်လာကြသူများအနေဖြင့် မိမိတို့ နဂိုမူလအ သက်မွေးဝမ်းကျောင်းမှုကို ပြန်လည်လုပ်ခွင့်ရရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက ကျယ်ကျယ် ပြန့်ပြန့် ကူညီလုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းကိစ္စကို ရှေ့လာမည့်အပါတ်အတွင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဟု NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (RFA 310811) Read More...
- မြန်မာ့ နိုင်ငံရေးတွင် တိုင်းရင်းသားများအရေးကို ချန်လှပ်ထားရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ပုံမှန် အစည်းအဝေး၌ ပြောကြားလိုက်ကြောင်း CRPP အထွေထွေ အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ (RFA 020911) Read More...

### (ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးကောင်စီဖွဲ့စည်းရန် လွှတ်တော်က အတည်ပြုထားသည့်အပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မီတီ (CRPP) က လက်ခံကြိုဆိုလိုက်ကြောင်းနှင့် ၎င်းကောင်စီအနေဖြင့် တိုင်းပြည်အတွက် တကယ်စစ်မှန်သော ငြိမ်းချမ်းရေး ကို ဘယ်လောက်ထိဆောင်ရွက်နိုင်မည်ဆိုသည်မှာ အရေးကြီးကြောင်း CRPP ပြောခွင့်ရပုဂ္ဂိုလ် ဦးအေးသာအောင်က ပြော သည်။ (VOA 020911) Read More...

### (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- ၂ဝဝ၇ မျိုးဆက်ကျောင်းသားများ ပြည်လည်ဖွဲ့စည်းခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် ၄ နှစ်ပြည့်သည့် ဩဂုတ် ၂၈ ရက်နေ့တွင် ပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးအကျဉ်းသားများ အားလုံး ချွင်းချက်မရှိ လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေး ရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး လက်မခံနိုင်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂ဝဝ၈) ပြန်လည်ပြင်ဆင်ရေးတို့ကို ထုတ်ပြန်ကြေညာလိုက်ကြောင်းနှင့် ဗကသအဖွဲ့ တရားဝင်ရပ်တည်နိုင်ရေး လုပ်ဆောင် သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း ၂ဝဝ၇ ဗကသ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဉာဏ်လင်းက ပြောသည်။ (BBC 280811) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက် ဝန်းရံပေးကြရန် အကျဉ်းကျနေသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များက တိုက်တွန်းလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အစိုးရသစ်၏ အသုံးချ ခံမဖြစ်ရေးအတွက်

ဂရုစိုက်ရန် သတိပေးလိုက်သည်ဟု ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က အမှာစကား ပါးလိုက်ကြောင်း သူ၏ ယောက်ဖ ကိုဖြိုးမင်းသိန်းက ပြောပြသည်။ (Irrawaddy 310811) Read More...

- ဧရာဝတီမြစ်ကို ကယ်တင်ရန် အစိုးရကို တောင်းဆိုသည့် လှုပ်ရှားမှုတွင် စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာနယ် အသီးသီးက ထင်ရှားသည့် ပုဂ္ဂိုလ်များအပါအဝင် ကျောင်းသား ပြည်သူများ၏ လက်မှတ်ပေါင်း (၁၆၀၀) ကို သမ္မတနှင့် ဒုသမ္မတ ထံသို့ စက်တင်ဘာ ၁ ရက်နေ့က ပေးပို့လိုက်ကြောင်း ဦးဆောင်နေသူတစ်ဦးဖြစ်သည့် ၈၈ မျိုးဆက် ကျောင်းသား ကိုမြတ်သူက ပြောသည်။ (RFA 010911) Read More..., DVB...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ်အတွင်း အစိုးရတပ်များက ဆက်လက်အင်အားတိုးချဲ့ထားသဖြင့် ဩဂုတ် ၂၈ ရက်နေ့က မိုးမောက်မြို့နယ်၌ ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်တိုက်ပွဲများ ဆက်ဖြစ်နေသည်ဟု ကချင်လွတ်မြောက် ရေးအဖွဲ့ KIO တွဲဖက်အတွင်းရေးမှူး ဦးလနန်းက ပြောသည်။ (DVB 290811) Read More...
- ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုသိရှိရန် ရှင်းလင်းတင်ပြသည့်အခမ်းအနားကို ဩဂုတ် ၂၇ ရက်နေ့က မြစ်ကြီးနားမြို့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ရှင်းလင်းပြောကြားခဲ့သည်။ (BBC 300811) Read More...
- ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်တော် UWSA ကို ပြည်နယ်အလိုက် ငြိမ်းချမ်းရေးစကားပြောရန် အစိုးရ၏ ဝ ကိုယ်ပိုင် အုပ်ချုပ်ရေးတိုင်း ဦးစီးကော်မတီ၏ ကမ်းလှမ်းခြင်းကို UWSA အဖွဲ့က မည်သည့်အကြောင်း ပြန်ကြားချက်မျှ မပေးဟု UWSA နိုင်ငံခြားရေးဌာန အရာရှိတစ်ဦးက ပြောသည်။ (RFA 300811) Read More...
- မြန်မာအစိုးရက ဩဂုတ်လ ၁၈ ရက်နေ့တွင် ကမ်းလှမ်းလာသော ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ပဏာမ ဆောင်ရွက်ရန်လို အပ်သော လုပ်ငန်းစဉ်များကို မည်သူ့ကိုမျှရှင်းမပြသော်လည်း နိုင်ငံရေးအရ ပိန်းပိတ်နေသည့် အမှောင်ထုကြီးကို ရှင်းလင်း ဖယ်ရှားပစ်ရန် လိုအပ်နေသည်ဟု သျှမ်းပြည်တိုးတက်ရေးပါတီ သျှမ်းပြည်တပ်မတော် ဒု-အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီး စိုင်းထူးက ပြောသည်။ (S.H.A.N 300811) Read More...
- ဗဟိုအစိုးရက ကမ်းလှမ်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တဖွဲ့ချင်းစီကို ခွဲခြားဆွေးနွေးမည့် ငြိမ်းချမ်းရေးဆွေးနွေး မှု ကမ်းလှမ်းချက်ကို ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ပယ်ချလိုက်ပြီး UNFC အဖွဲ့အနေဖြင့် သာ ဆွေးနွေးမည့်အကြောင်း တုံ့ပြန်လိုက်သည်။ (VOA 300811) Read More..., Mizzima...
- မူစယ် - မန္တလေးလမ်း ကွတ်ခိုင်နှင့် နမ့်ဖတ်ကာအကြား နမ့်ကွတ်နေရာအနီးတွင် ဩဂုတ် ၃၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲ ခန့်တွင် ကချင် ပြည်လွတ်လပ်ရေးတပ်မတော် KIA က အစိုးရ ခလရ ၁၂၃ တပ်ရင်း စစ်ယာဉ်တစ်စီးကို RPG ဒုံးပစ်လောင်းချာဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ခလရ ၁၂၃ မှ စစ်သား ၅ ဦး သေဆုံးပြီး ကားတစ်စီး ပျက်စီးသွားသည်ဟု စစ်ဘက်နှင့်နီးစပ်သူတစ်ဦးက ပြော သည်။ (S.H.A.N 310811) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တီးမားနှင့် နမ့်အွန်ကျေးရွာအုပ်စုများအတွင်း KIA နှင့် မြန်မာအစိုးရတပ်တို့ ဩဂုတ် ၃၀ ရက်နေ့က တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် တီးမားကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများ ယာယီပိတ်ထားရ ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 010911) Read More...
- ကချင်လွတ်လပ်ရေး တပ်မတော် (KIA) က တပ်သားသစ်များ အတင်းအဓမ္မ စုဆောင်းနေကြောင်း အစိုးရ၏ စွပ်စွဲချက်နှင့် ပတ်သက်၍ အခြေအမြစ် မရှိသည့် စွပ်စွဲချက်များ ဖြစ်သည်ဟု KIA က ငြင်းဆိုလိုက်သည်။ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 020911) Read More...
- စက်တင်ဘာ ၃ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA မရှိတော့ ကြောင်း ထုတ်ပြန်လိုက်သည့်အပေါ် DKBA အဖွဲ့ဝင်များက ပယ်ချလိုက်ကာ DKBA သည် ပြည်သူလူထုကြားတွင် တည်ရှိနေဆဲဖြစ် ကြောင်း တပ်မှူး ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ (VOA 030911) Read More...
- လွန်ခဲ့သည့်အပတ်က သျှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA ထံသို့ သျှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ်က ငြိမ်းချမ်းရေး ဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်ဆိုသည့်သတင်းသည် မဟုတ်မှန်ကြောင်း SSPP/SSA ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလက ပြောသည်။ (BBC 030911) Read More...

အတိုက်အခံအင်အားစုများ (ပြည်ပ)

- လွှတ်တော် အစည်းအဝေးတွင် တိုင်းပြည်အတွက် အရေးကြီးပြီး အများပြည်သူ သိရန်လိုသည့် အစိုးရ အသုံးစရိတ်နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာသည့် ဆောင်ရွက်ချက်များ မရှိသဖြင့် လူထုအကျိုးဖော်ဆောင်နိုင်မည့် လွှတ်တော်တစ်ရပ် မဟုတ်ကြောင်း ပြည်ပ အခြေစိုက် အတိုက်အခံ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် FTUB တွဲဘက်အတွင်းရေး မှူး ဒေါက်တာ ဇော်ဝင်းအောင်က ဂျေဖန်ပြောဆိုလိုက်သည်။ (Mizzima 290811) Read More...
- ထိုင်းအခြေစိုက် မြန်မာ့အရေး လှုပ်ရှားသူများနှင့် အိန္ဒိယနိုင်ငံမှ မြန်မာအရေး လေ့လာသူများ ပါဝင်သည့် ဆွေးနွေးပွဲ တစ်ခုတွင် နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရေး အပါအဝင် မြန်မာအစိုးရ လုပ်ဆောင်သင့်သည့် စံသတ်မှတ်ချက် ၃ ချက်ကို ဆွေးနွေးခဲ့ကြသည်ဟု ထိုင်းအခြေစိုက် မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု FDB မှ နိုင်ငံခြားရေးတာဝန်ခံ ဒေါ်ခင်ဥမ္မာက ပြောသည်။ (Mizzima 310811) Read More...
- မြန်မာနိုင်ငံ၏ မျက်မှောက် နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ သမ္မတ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များသည် ရိုးသားမှုမရှိကြောင်း ဗမာပြည် ကွန်မြူနစ်ပါတီက ကြေညာချက်ထုတ်ပြန် ဝေဖန်လိုက်ကြောင်း ဗကပ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော် ဖိုးသံချောင်းက ပြောသည်။ (BBC 030911) Read More...

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- လာမည့် ဒီဇင်ဘာလတွင် ကျင်းပရန်ရှိသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာနိုင်ငံကို စုံစမ်းရေး ကော်မရှင် စေလွှတ် ရေးကိစ္စ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် EU ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးရန် မြန်မာပြည်ဆိုင်ရာ ဥရောပ ပါလီမန် အမတ်များအဖွဲ့က ဩဂုတ် ၃၀ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တိုက်တွန်း လိုက်သည်။ (RFA 300811) Read More...
- မြန်မာအစိုးရသည် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအပေါ် နှိပ်ကွပ်ရာတွင် ဥပဒေ ကန့်သတ်ချက်များ သတ်မှတ် ပြဋ္ဌာန်းပြီး အရေးယူနေသလို ဥပဒေကို လက်တွေ့ကျင့်သုံးရာမှာလည်း တရားနည်းလမ်း မကျသည့်အတွက် မြန်မာ့ လူ့အခွင့်အရေး အခြေအနေသည် စိုးရိမ်စရာ ကောင်းနေဆဲအခြေအနေဖြစ်နေသည်ဟု မြန်မာနိုင်ငံကို မကြာမီက လာရောက်ခဲ့သည့် မြန်မာနိုင်ငံ ဆိုင်ရာ ကုသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တောမတ်စ် အိုဟေး ကင်တားနားက ပြောဆိုလိုက်သည်။ (VOA 300811) Read More...

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာနိုင်ငံသို့ ကုလသမဂ္ဂ စုံစမ်းရေး ကော်မရှင် စေလွှတ်ရေးကိစ္စ ဦးဆောင်ဆွေးနွေးရန်အတွက် ဗြိတိန် နိုင်ငံခြားရေး ဝန်ကြီးကို ဗြိတိန် ပြည်သူ ၅၃၀၀ (ငါးထောင် သုံးရာ) ခန့်က ထောက်ခံတောင်းဆိုသည့် ပို့စကဒ်၊ စာနှင့် လက်မှတ်များကို နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဩဂုတ် ၃၁ ရက်နေ့တွင် Burma Campaign U.K အဖွဲ့ဝင်များက သွားရောက်ပေးပို့ခဲ့ကြသည်။ (RFA 310811) Read More...
- မြန်မာနိုင်ငံနှင့် ပတ်သက်၍ 'စောင့်ကြည့်သင့်တယ်' ဆိုသည့် ဥရောပသမဂ္ဂ EU အဖွဲ့၏ ချဉ်းကပ်ပုံကို တာဝန်မဲ့သည့် လုပ်ရပ်ဖြစ် ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International က ဝေဖန်လိုက်ပြီး မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရေး ကော်မရှင် စေလွှတ် စုံစမ်းစစ်ဆေးရန်အရေးကို EU အနေဖြင့် ထောက်ခံရန် စက်တင်ဘာ ၃ ရက်နေ့က တိုက်တွန်းလိုက်သည်။ (RFA 030911) Read More...

***End of report/ Saturday, September 03, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***